မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၂ ရက်)

သမဝါယမလုပ်ငန်းများ ပြည်သူအကြားပျံ့နှံ့ရေး ကြိုးပမ်းစွမ်းဆောင်

ယနေ့ ဇူလိုင် ၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဖြစ်သည်။ သမဝါယမဟူသည် အတူတကွပူးပေါင်း၍ အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ရသည်။

၁၈၄၄ ခုနှစ် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးမြို့ တုတ်လိမ်းလမ်းမှ စက်ရုံအလုပ်သမား ၂၈ ဦး တည်ထောင်ခဲ့သော ရှေ့ဆောင်လမ်းပြအသင်းမှ သမဝါယမကို စတင်ခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ဥရောပ၊ လက်တင်အမေရိကနှင့် အာရှနိုင်ငံများသို့ပျံ့နှံ့ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးကို ၁၈၉၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီး၌ ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ၁၉၀၅ ခုနှစ် ဇန်နဝါရီလတွင် စစ်ကိုင်းခရိုင် မြင်းမူမြို့၌ အသင်းသား ၉၀ ဖြင့် လယ်ယာစိုက်ပျိုးရေး ချေးငွေထုတ်ပေးသော ငွေစုငွေချေး သမဝါယမအသင်းကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းများကို မွန်မြတ်သော တိုင်းကျိုးပြည်ပြုလုပ်ငန်းများအဖြစ် ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးလုပ်ငန်းစဉ် (၈)ခုတွင် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာ၌ လူသားအရင်းအမြစ်များလည်းလိုအပ်လျက်ရှိရာ ဒီဂရီကောလိပ်တစ်ခု၊ ကောလိပ်လေးခုနှင့် သင်တန်း ၂၁ ကျောင်းတို့ဖြင့် လေ့ကျင့်ပညာပေး မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံတော်က လေ့ကျင့်ပေးလိုက်သည့် လူငယ်မောင်မယ်များသည် သမဝါယမလုပ်ငန်းများ လူထုအကြား ပျံ့နှံ့သွားရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကျုံပျော်မြို့နယ်ရှိ ဒါးကချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ကျုံပျော် ဇူလိုင် ၁

ကျုံပျော်မြို့နယ် ဒါးကချောင်းအနီးတွင် ဇွန် ၂၉ ရက် နံနက် ၈ နာရီခွဲက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားတွင် ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးထွန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး လှဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းနှင့် ဝန်ထမ်းများ၊ ပုသိမ်စခန်းမှ တာဝန်ခံဒေါ်အေးအေးမော်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးကောင်ရေနှစ်သိန်းကို ကျုံပျော်မြို့နယ် ဒါးကချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ်အသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ကောဒသမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့)တွင် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူ သွန်းဘုရားကြီး တန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဦးစိုးညွန့် နာယက ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၂၊ ဦးစန်းအောင် (အတွင်းရေးမှူး-၁) ဖုန်း-၀၉-၇၃၀၃၂၆၀၈၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကားဖြင့်ကြိုပို့ရန် စီစဉ်ထားသဖြင့် ထိုနေ့နံနက် ၆ နာရီခွဲတွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံမှ ကားများထွက်မည် ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ကျူးဘားသံအမတ်ကြီးနှင့်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁

ထိုင်းနိုင်ငံအခြေစိုက် ကျူးဘားသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသံအမတ်ကြီး H.E. Mr. Lazaro Herreraနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဒေါက်တာမောင်မောင်လေး၊ အထွေထွေအတွင်းရေးမှူးဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်တို့ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျူးဘား-မြန်မာ စီးပွားရေးဆက်ဆံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လုပ်ကိုင်နိုင်မည့် စီးပွားရေး အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ ကျူးဘားနိုင်ငံ၌ ကုန်စည်ပြပွဲများ ကျင်းပရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ)

(ကုန်သည်/စက်မှုအသင်းချုပ်)

သီပေါ့နည်းကျ ပေါင်းဖြင့်ပျိုးထောင်နည်း မြဝတီ၌ သရုပ်ပြ

မြဝတီ ဇူလိုင် ၁

စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက် ရှင်းလင်းခြင်းနှင့် ပျိုးထောင်နည်းစနစ် လက်တွေ့ပြသပွဲကို ဇွန် ၉ ရက်က မြဝတီမြို့နယ် မဲ့ထော်သလေး ကျေးရွာအုပ်စု၌ ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မြဝတီခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးရဲခင်အောင်က စိုက်နည်းစနစ် ၁၄ ချက်ကို တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားသည်။

လက်တွေ့ပြသ

ထို့နောက် မြို့နယ်မန်နေဂျာ ဦးစောလှကြည်နှင့်ဝန်ထမ်းများက ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းကို လက်တွေ့ပြသခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး သန်လျင်၌ သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁

သန်လျင်မြို့နယ် သဘာဝဘေးကာကွယ်တားဆီးရေး သင်တန်းဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်သိန်း (ဝဲပုံ)၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဝင်းဝင်း၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ သန်လျင်မြို့နယ်ဒုတိယတပ်ရင်းမှူး နေလင်းထွန်းတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ (၀၄၉)

ရခိုင်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၇/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၃၇/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၇/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

ရခိုင်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ရခိုင်ပြည်နယ် ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးထိန်လင်း	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးစိုးအေး	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဦးကျော်သိန်း	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်သန်းတင်	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င)	ဦးမြအောင်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးကျော်ခင်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးသာလူချေ	လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးလှဟန်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာအောင်ကျော်မင်း	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၈/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၃၈/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၈/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးမောင်မောင်ဝင်း	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးဝင်းကိုကို	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဦးတင်စိုး	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးစိုးမြင့်	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င)	ဦးလှခိုင်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးသန်းထွန်း	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးစောမြသိန်း	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးကျော်ဝင်းနိုင်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဦးစန်းမောင်	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၉/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၃၉/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၉/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ မကွေးတိုင်းဒေသကြီး ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးအန့်ဇော်	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးကြည်မင်း	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဦးအောင်နိုင်	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးသိန်းထွန်း	သစ်တော၊သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန
(င)	ဦးမြင့်နိုင်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးဝင်းဖေ	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးဝင်းမြင့်မောင်	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးနေရှင်း	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဦးအောင်ကျော်မင်း	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၀/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၄၀/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၄၀/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

ရှမ်းပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ရှမ်းပြည်နယ် ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးအောင်သူ	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးခွန်သိန်းမောင်	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဦးစိုင်းဆာလူ	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးစိုင်းအိုက်ပေါင်း	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င)	ဦးသောင်းရွှေ	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးစိုင်းနော်ခမ်း(ခ) ဦးတင်ထွန်းအောင်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးစိုင်းထွန်းရင်	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးတူးမောင်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာမျိုးထွန်း	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေး ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP နှင့်အတူ အောက်လွှတ်တော် အမတ် မစ္စဂျနလီ ဆက်ဖ်ဖင်န်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စဘရွန် တီနာဒင်းမိုလက်စ်နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ အားကစားကဏ္ဍ မြှင့်မားရေး ဒုတိယအကြိမ် အလှူငွေပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ အားကစားကဏ္ဍ တိုးတက်မြှင့်မားရေး အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေး တက်ရောက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍အလှူရှင်များကိုယ်စား ဝေမိသားစုကျောက်မျက်ကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဒေါက်တာ အေးအောင်က အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးထံ ဝေမိသားစုကျောက်မျက်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းရှုန်နှင့်ဇနီး ဒေါ်ခင်စောလှိုင် **(အပေါ်ပုံ)** တို့က အလှူငွေကျပ် သိန်းနှစ်ထောင်ကို ပေးအပ်ရာ အလှူရှင် များအား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ဝေမိသားစု ကျောက်မျက်ကုမ္ပဏီလီမိတက်အနေဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များ အားကစားကဏ္ဍတိုးတက်မြှင့်မားရေးအတွက် အလှူငွေပေးအပ်ခဲ့ခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၁၀ ပြည့်နှစ်အတွင်းကလည်း အလှူငွေကျပ် သိန်းနှစ်ထောင် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အပြည်ပြည်ဆိုင်ရာပြပွဲ ၂၀၁၁ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁

လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် အများပြည်သူများအား တွေ့မြင်နိုင်စေရန်၊ ထုတ်ကုန်ပစ္စည်းအရည်အသွေး လျင်မြန်စွာသိရှိ၍ ပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရန်၊ သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာများကို တွေ့မြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာပြပွဲ ၂၀၁၁ (Yangon International Exhibition 2011) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ IEMS Company Limited မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေ၊ Smart Resources Company Limited မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဖြိုးနှင့် Shine Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမျိုးကိုကိုတို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း ၇၀မှ ပြခန်းပေါင်း ၁၂၅ခန်း ပါဝင်ပြသထားပြီး ကြွေပြားနှင့် အိမ်အလှဆင်ပစ္စည်းများ၊ မီးဖိုချောင်သုံး၊ အိမ်သုံး၊ ရုံးသုံး ပရိဘောဂ ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းများနှင့် ခရီးသွားလုပ်ငန်းပြခန်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ကိုရီးယားပညာရှင်များ၏ ဇာထိုး၊ ပန်းထိုးစက် ပြခန်းများ၊ ဖက်ရှင်နှင့် စားသောက်ကုန်ပစ္စည်းများကို ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည် ဖြစ်သည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ စတင်ကျင်းပ

နေပြည်တော် ဇူလိုင် ၁

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီမှစတင်၍ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက် အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမနှင့် ပရဝဏ် အတွင်း ခင်းကျင်းပြသထားသည့် ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။

ထို့အတူ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချမည့် ကျောက်မျက်နှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ်နှင့် နေပြည်တော် သပြေကုန်းဈေး ယာဉ်ရပ်နားကွင်းရှိ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာ ပြပွဲတို့တွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၊ အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမ ပရဝဏ်အတွင်း ခင်းကျင်းပြသထားသည့် ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကျောက်မျက်ရတနာ အထူးပြပွဲသို့ နိုင်ငံခြားသားဧည့်သည်များရောက်ရှိ

နေပြည်တော် ဇူလိုင် ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော် ခရီးသွားပြပွဲနှင့်အစားအစာပြပွဲကျင်းပလျက်ရှိပြီး ကျောက်မျက်ရတနာအထူးပြပွဲသို့ စင်းလုံးငှားလေယာဉ်များဖြင့် လာရောက်သည့် နိုင်ငံခြားသား ဧည့်သည် ၄၀၀ ကျော်သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှငွေး၊ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်နှင့်ဝန်ထမ်းများက နေပြည်တော် လေဆိပ်၌ နေပြည်တော်လမ်းညွှန် လက်ကမ်းစာစောင်များ၊ အမှတ်တရပစ္စည်းများ ပေးအပ်ပြီး လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

အမှတ်တရပစ္စည်းများပေးအပ်

အလားတူ မကာအို၊ ဟောင်ကောင်မှ နိုင်ငံခြားသား ဧည့်သည် ၉၇၉ ဦးသည် ယမန်နေ့ နံနက် ၉ နာရီ ၁၅မိနစ်တွင် စင်းလုံးငှားလေယာဉ် ငါးစင်းဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ခရီးသွားလာရေးမြှင့်တင်မှုအစီအစဉ်အရ နေပြည်တော်ခရီးသွား ပြပွဲနှင့်အစားအစာပြပွဲကျင်းပမည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုခဲ့ပြီး လက်ကမ်းစာစောင်များ၊ အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် သပြေညွန့်ကျေးရွာနေ ကရင်လူမျိုး မောင်ပို့လို (၂၅)နှစ်သည် ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဝါးခုတ်နေစဉ် ရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ဘယ်ခြေချင်းဝတ်အထက်မှပြတ် ဒဏ်ရာရရှိခဲ့ရာ နယ်မြေခံတပ်မှတာဝန်ရှိသူများက ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ပြီး တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP နှင့်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP နှင့်အတူလိုက်ပါလာသည့် အောက်လွှတ်တော်အမတ် Ms. Janelle Saffin နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများ၊ ဝန်ကြီးဌာနမှ ထူးချွန်အားကစားသမားများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူ ၁၉၉၄ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများကို ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ရောင်းဝယ်ရေးတို့မှ တာဝန်ရှိသူများထံပေးအပ်ပြီး ၂၀၁၀-၂၀၁၁ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ရှစ်ဦး၊ ဆုရ ပြေးခုန်ပစ်အားကစားသမား ၃၉ ဦး ကိုယ်စား အားကစားသမားတစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ဆက်လက်၍ဒုတိယဝန်ကြီးဒေါက်တာ ပွင့်ဆန်းက သုံးဘာသာ ဂုဏ်ထူးရရှိသူ ရှစ်ဦးနှင့် ဆုရ သိုင်းအားကစားသမား ၁၆ ဦးကိုယ်စား အားကစားသမားတစ်ဦး တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် ရိုးရိုး အောင်မြင်သူ ၇၄ ဦး စုစုပေါင်း ၁၁၇ ဦး ဖြေဆိုအောင်မြင်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၈။ **ပြေးပြေးလွှားလွှား သွားသွားလာလာ**
- ၈:၂၀ ၉။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ Yan Can Cook
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၅)
- ၁၄:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၃၀ ၈။ **(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုဝူရှူးနှင့်မြား**
- ၁၄:၅၅ ၉။ **International News**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၁၅ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ **အမျိုးနှင့်မျိုး**
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၁၅ ၈။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
- ၅:၂၅ ၉။ **တိုင်းရင်းသားများတွဲလက်ညီဖွံ့ဖြိုးစေမည် အသားကဏ္ဍမွေးမြူရေးဇုန်ရှမ်းရိုးမ**
- ၅:၄၅ ၁၀။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၄၀ ၁၄။ ယဉ်တစ်ကိုယ်မယ် (ချစ်စနိုးဦး)
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း**(အပိုင်း-၂၃)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **သက်တန့်ရောင် ကောင်းကင်သစ်** အကယ်ဒမီရဲအောင်၊အကယ်ဒမီမိုမို့မြင့်အောင်၊မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-မီးပွား)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၉)
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး

မြန်မာအမျိုးသမီးများနေ့

* ဆွေသဟာ ညီညာကြ
စည်ဖြာလှ မြန်ပြည်
ကြည်သာစွ တိုင်းဌာနီ
ဝိုင်းသာပြည် လုပ်အား။

* မြန်မာအမျိုးသမီးများ ကောင်းမှုရည်
ပေါင်းစုညီ မြင့်မြတ်စိတ်ထား။

* (၃) ရက်နေ့ လဇူလိုင်
လှတူပြိုင် ဝင့်ကြွား။

* ရန့်ကြူလှိုင် ဖွံ့ထွားလို့
စွင့်ကားသည့် ချိန်တန်။

* နိုင်ငံတော် တည်ဆောက်ရေး
ကူထောက်ပေး စွမ်းစွမ်းတမံ။

* လျှမ်းပလို့ တိုးတက်ရည်သန်
ဖြိုးထက်စည်ရန် ဖွဲ့မာန်အားနဲ့
မြဲစံထား နိုးကြားယခင်
ကြိုးစားအစဉ်။

* မြန်မာအမျိုးသမီးများနေ့ ကမ္ဘည်းတင်သည်
ဖန်တီးရှင် အမှန်ပလေး။ ။

ဝင်းမြအေး

ဘိန်းဖြူချက်လုပ်ရာတွင်အသုံးပြုသော ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁

လားရှိုးမူးယစ်(အထူး) အဖွဲ့သည် ဇွန် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် သိန်းနီမြို့နယ် ရေပူစစ်ဆေးရေးစခန်း၌ လားရှိုးမှ ကွတ်ခိုင်သို့ ယာဉ်မောင်း မြင့်နိုင်စိုး မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်မျိုးထွန်း(ခ)မျိုးထွန်း လိုက်ပါလာသော ဘီအမ်အမျိုးအစား ဟီးနိုးယာဉ်အမှတ် (ဆ/၇၃၂၇)ကို ရှာဖွေရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အက်စီတုန်း ဓာတုဆေးရည် ၁၅ ပေပါ စုစုပေါင်း လစ်တာ ၃၀၀၀ ကို သိမ်းဆည်းရမိသည်။

အဆိုပါ ဓာတုဆေးရည်များမှာ လားရှိုးမြို့ ရပ်ကွက်(၁)နေ ဝင်းကျော်သူ(ခ) ရာဂျူးနှင့် ကျော်ထွန်းမင်း(ခ) ဆန်နီ၏ ပစ္စည်းများဖြစ်ပြီး သယ်ဆောင်ခငွေကျပ် ၂ ဒသမ ၂၅ သိန်းဖြင့် လားရှိုးမြို့မှ ကွတ်ခိုင်မြို့သို့ သယ်ဆောင်ခိုင်းကြောင်း၊ လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၇) ဟူးမွန်းဆည်လမ်းသွယ်ရှိ ဂိုဒေါင်အတွင်း၌ ဓာတုဆေးရည်များနှင့်အက်စစ်များ သိုလှောင်ထားကြောင်း သိရှိရသဖြင့် ညနေ ၅ နာရီ ၄၅ မိနစ်တွင် သွားရောက်ရှာဖွေရာ ဆိုဒီယမ်ဟိုက်ဒြော့ဆိုက် ကီလို ၉၅၀၊ ဆိုဒီယမ်ကာဗွန်နိတ် ကီလို ၃၂၅၀၀၊ အမိုနီယမ်ကလိုရိုဒ်(တောင့်) အလေးချိန်ကီလို ၇၀၀၀၊ အမိုနီယမ်ကလိုရိုဒ်(အမှုန့်) ၇၅ ကီလို၊ အရိုးမီးသွေးမှုန့် ၂၆၂၅ ကီလို၊ အက်စီတုန်းလီတာ ၂၈၀၀၊ ဖီနိုင်းအက်စစ်တစ် ကီလို ၁၈၀၀၀ နှင့် ဆာလ်ဖျူရစ် အက်စစ်လီတာ ၁၁၈၀ **(အောက်ပုံ)** တို့ကို သိမ်းဆည်းရမိ၍ မြင့်နိုင်စိုး၊ အောင်မျိုးထွန်း(ခ)မျိုးထွန်း၊ ဝင်းကျော်သူ(ခ) ရာဂျူးနှင့် ကျော်ထွန်းမင်း(ခ)ဆန်နီတို့ လေးဦးအပေါ် လားရှိုး အမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၁) ပါရမီလမ်းသွယ် (၇)ရှိ ဒေါ်နီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဟိုက်ဒြိုကလိုရစ်အက်စစ် လီတာ ၁၈၀ နှင့် နိုက်ထရစ်အက်စစ် လီတာ ၆၀ တို့ကိုသိမ်းဆည်းရမိ၍ လားရှိုးမြို့ အမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – ရန်ကြီးအောင်

နေပြည်တော် ဇူလိုင် ၁

မြန်မာ့ရေမြေသဘာဝသည် ခရီးသွားလုပ်ငန်းအတွက် လျော်ကန်သင့်မြတ်သည့် အခြေအနေရှိသည်။ ပုဂံ၊ မန္တလေး၊ မြောက်ဦး အစရှိသည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများနှင့် အနုပညာလက်ရာများသည် ကမ္ဘာလှည့်ခရီးသည်များအတွက် စိတ်ဝင်စားဖွယ်ရာများ ဖြစ်သည်။ ထို့အတူ အင်းလေးကန်၊ အင်းတော်ကြီးအိုင်၊ ခါကာဘိုရာဇီရေခဲတောင်စသည့် သွင်ပြင်လက္ခဏာထူးခြားသည့် နေရာဒေသများသို့လည်း နိုင်ငံခြားသားတို့အရောက်သွား၍ လေ့လာကြသည်ကို တွေ့ရှိရသည်။ ချောင်းသာ၊ ငွေဆောင် အစရှိသည့် သဘာဝအတိုင်း လှပစွာဖြစ်တည်လျက်ရှိသည့် ပင်လယ်ကမ်းခြေများတွင်လည်း ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ကြသည်။

တိုးတက်လာ

သို့ဖြစ်ရာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည်ရှစ်သိန်းနီးပါးလာရောက်ခဲ့ကြရာ ယခင်နှစ်ကထက် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ခရီးသည်လာရောက်မှုသည်လည်း ၁၄၀၀၀၀ ကျော်ရှိခဲ့ရာ ယခင်နှစ် အဆိုပါကာလကထက် သုံးသောင်းကျော် ပိုမိုလာခဲ့သည်ကို တွေ့ရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ပိုမိုအောင်မြင် တိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Board) ကို ဖွဲ့စည်း၍ ပြည်ပခရီးသွားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Board) ကို မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအသင်း၊ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ အမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်း၊ မြန်မာနိုင်ငံပြည်တွင်း ခရီးသွားဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျန်းမာရေးနှင့် အထွေထွေဝန်ဆောင်မှုအသင်းနှင့် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများ အသင်းဟူသည့် အသင်း ၁၁ သင်းဖြင့် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုး တိုးတက်စေရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပေး

အလားတူ ဟိုတယ်လုပ်ငန်းများ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် အတွက် နေပြည်တော်ဟိုတယ်ဇုန်၊ ရန်ကုန်ဟိုတယ်ဇုန်၊ မန္တလေးဟိုတယ်ဇုန်၊ ပုဂံဟိုတယ်ဇုန်၊ ချောင်းသာဟိုတယ်ဇုန်၊ ငွေဆောင်ဟိုတယ်ဇုန်၊ တောင်ကြီး (အင်းလေး)ဟိုတယ်ဇုန်၊ မော်လမြိုင်ဟိုတယ်ဇုန်၊ ပဲခူးဟိုတယ်ဇုန်၊ ရခိုင်ဟိုတယ်ဇုန်နှင့် ရွှေတြိဂံဟိုတယ်ဇုန် ဟူ၍ ဟိုတယ်ဇုန် ၁၁ ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည်။

ယင်းဟိုတယ်ဇုန်များအနက် အချိန်တိုအတွင်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာသော ဟိုတယ်ဇုန်မှာ နေပြည်တော်ဟိုတယ်ဇုန်ပင်ဖြစ်သည်။ နေပြည်တော်တွင် ဖွင့်လှစ်ပြီးဟိုတယ် ၂၅ လုံး၊ အခန်းပေါင်း ၁၈၃၁ ခန်းရှိပြီး ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ရန်ရည်ရွယ်ထားသော ဟိုတယ်များ ဆောက်လုပ်ပြီးစီးပါက ဟိုတယ် အလုံးပေါင်း ၅၈ လုံး၊ အခန်းပေါင်း ၇၉၇၀ ရှိလာမည်ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဟိုတယ်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့စဉ်က ဟိုတယ် ငါးလုံးသာရှိပြီး တစ်လုံးလျှင် အခန်း ၃၀ ခန့်၊ အချို့မှာ ၁၅ ခန်းခန့်ဖြင့်သာ စတင်နိုင်ခဲ့သည်။ အခန်းအရေအတွက် စုစုပေါင်းမှာ ၁၀၀ ပင်မပြည့်ပေ။ ငါးနှစ်အတွင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်သည်။

နေပြည်တော်သည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ဝန်ကြီးဌာနများက စီစဉ်ကျင်းပသည့် အခမ်းအနားများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းကျင်းပသည့် အခမ်းအနားများကို အဆိုပါ ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် မကြာခဏ ကျင်းပလေ့ရှိသည်။ ယင်းအခမ်းအနားများသို့ တက်ရောက်လာကြသည့် ဧည့်သည်များ တည်းခိုနေထိုင်ရာတွင် ဝန်ဆောင်မှုပေးနေသည့် ဟိုတယ်ဝန်ထမ်းများ စနစ်ကျန၍ အရည်အချင်းပြည့်မီရေးအတွက် ဟိုတယ်ဧည့်ကြိုသင်တန်း၊ ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေး သင်တန်းတို့ကို မကြာမီက ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ပေပြီ။ ဤသည်မှာ ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင် သွက်လက်ထက်မြက်သော၊ အရည်အသွေးမြင့်မားသော ဟိုတယ်ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ယင်းသင်တန်းများကို ပုဂံဟိုတယ်ဇုန်နှင့် အခြားဟိုတယ်ဇုန်များတွင်လည်း ဆက်လက်ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိသည်။

ပေါင်းစပ်ညှိနှိုင်း

အမှန်စင်စစ် ခရီးသွားလုပ်ငန်းသည် ပုဂ္ဂလိကအခန်းကဏ္ဍက အများဆုံးပါဝင်ဆောင်ရွက်ရသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ နိုင်ငံတော်က လိုအပ်သည့် မူဝါဒနှင့် စည်းမျဉ်း၊ စည်းကမ်းကိုသာချမှတ်ပေးပြီး လုပ်ငန်းအဆင်ပြေချောမွေ့ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရသည်။ ယင်းလုပ်ငန်းမှရရှိသည့် ဝင်ငွေအများစုမှာလည်း ပုဂ္ဂလိကကဏ္ဍကိုသာ စီးဝင်စေသော လုပ်ငန်းဖြစ်သည်။

ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်မှုက အဓိကကျသည်။ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ အလွယ်တကူ သွားလာတည်းခိုနေထိုင်စားသောက်နိုင်ရေးအတွက် ဟိုတယ်လုပ်ငန်းရော၊ ခရီးသွားလုပ်ငန်းဆိုင်ရာများတွင်ပါ ဝန်ဆောင်မှု ကောင်းမွန်ရန်လိုအပ်သည်။ မြန်မာတို့၏ ပင်ကိုရှိရင်းစွဲဖြစ်သော ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေပျူငှာမှုနှင့် ဧည့်ဝတ်ကျေပွန်တတ်မှုများဖြင့် ပေါင်းစပ်ဆောင်ရွက်ပါက ပြည့်စုံကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းဖြစ်လာမည်မှာ မလွဲပေ။

ကမ္ဘာလှည့် ခရီးသည်များအတွက် ရောင်းချပေးမည့် အမှတ်တရပစ္စည်းများ။

အဆိုပါ ခရီးသွားလုပ်ငန်းကို ယခင်က နိုင်ငံပိုင်လုပ်ငန်းအဖြစ်သာ လုပ်ကိုင်ခဲ့သည်။ ထို့နောက် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ ပြည်သူများအား လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကြာခဲ့ပေပြီ။ ယခုအခါ မြို့ပေါင်း ၄၆ မြို့တွင် ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၇၀၀ ကျော်ရှိလာပြီဖြစ်သည်။ တိတိကျကျဆိုရလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ် ၂၂ လုံး၊ ပြည်ပနှင့် ဖက်စပ်ဟိုတယ် လေးလုံး၊ နိုင်ငံပိုင်ဟိုတယ် ကိုးလုံးနှင့် ပုဂ္ဂလိကပိုင် ၆၇၈ လုံး စုစုပေါင်း ၇၁၃ လုံးနှင့် အခန်းပေါင်း ၂၄၂၃၄ ခန်း ရှိလာပေပြီ။ ခရီးသွားလုပ်ငန်း ကုမ္ပဏီပေါင်း ၇၀၀ ခန့်၊ ဘာသာစုံဧည့်လမ်းညွှန်လည်း ၄၀၀၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ ယခင်က ရန်ကုန်မြို့မှာပင်လျှင် အကောင်းဆုံးဟိုတယ်ဆို၍ အင်းလျားကန်ဟိုတယ်၊ သမ္မတဟိုတယ်နှင့် ကမ်းနားဟိုတယ်တို့သာရှိသည်။ ၁၉၉၂ ခုနှစ်မှ စတင်၍ တိုင်းရင်းသား လုပ်ငန်းရှင်များက ဟိုတယ်၊ မိုတယ်နှင့် အင်းများ ဆောက်လုပ်ခဲ့ရာမှ ယခုအခါ ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၁၈၀ ကျော်၊ တည်းခိုရန်အခန်းပေါင်း ၇၆၀၀ ခန့်အထိ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဟိုတယ်ဝန်ဆောင်မှုအပိုင်း၊ အခန်းဖွဲ့စည်းမှုအပိုင်းနှင့် တည်ဆောက်မှုအပိုင်းများတွင်လည်း Master Plan များ ထားရှိဆောင်ရွက်လာပြီ ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြခန်းကို တွေ့ရစဉ်။

ခရီးသွားလာရေးလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းများဖြစ်သည့် စားသောက်ဆိုင်လုပ်ငန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ကျွဲကူးရေပါဆိုသကဲ့သို့ တစ်ပြိုင်တည်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။

ထိုကဲ့သို့ ယခင်ကာလကထက် တိုးတက် ဖြစ်ထွန်းလာခဲ့သော်လည်း နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ အခြားနိုင်ငံများလောက် တိုးတက်အောင်မြင်မှု မရရှိသေးပေ။ အိမ်နီးချင်းနိုင်ငံများသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာလည်း မိမိတို့ထက် သာလွန်နေသည်။ အချို့သောနိုင်ငံများတွင် ခရီးသွားလုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေကြသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတွင်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် နည်းလမ်းများ ရှာဖွေကြိုးပမ်းဆောင်ရွက်လာခဲ့သည်။

ခင်းကျင်းပြသ

လောလောဆယ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုတစ်ခုအဖြစ် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ (Nay Pyi Taw Travel Mart & Food Show) ကို နေပြည်တော် သပြေကုန်းဈေးရှိ ယာဉ်ရပ်နားကွင်းတွင် ကျင်းပလျက်ရှိသည်။ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကြီးကို မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ယင်းအထူးရောင်းချပွဲသို့ လာရောက်ကြသည့် ပြည်ပရတနာကုန်သည်များအား မြန်မာနိုင်ငံရှိ သွားရောက်လည်ပတ် လေ့လာသင့်သည့် ခရီးစဉ်ဒေသများအကြောင်း၊ မြန်မာအစားအစာများအကြောင်းကို ဤပြပွဲကြီးက မိတ်ဆက်ကြော်ငြာပေးမည် ဖြစ်သည်။ ပြပွဲကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပခြင်းလည်းဖြစ်သည်။ ပြပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

ပြပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Board) လက်အောက်ရှိ အသင်း ၁၁သင်းနှင့် ဟိုတယ်ဇုန် ၁၁ ဇုန်တို့က မိမိတို့ကဏ္ဍအလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို မြှင့်တင်ကြော်ငြာလျက်ရှိသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းက ခရီးစဉ်ဈေးနှုန်းများကြော်ငြာ၍ ရောင်းချပေးနေသကဲ့သို့ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီက Tourist Spot များဖြင့် နိုင်ငံတစ်ဝန်း သွားရောက်လည်ပတ်သင့်သော နေရာဒေသများ၊ တည်းခိုသင့်သည့် ဟိုတယ်များကို ကြော်ငြာပေးနေသည်။ အမှတ်တရပစ္စည်းအရောင်းဆိုင်များကလည်း ပုဂံရှေးဟောင်းလက်ရာကြေးပစ္စည်းများအပါအဝင် ဒေသအလိုက် အမှတ်တရပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချပေးနေရာ ဧည့်သည်များ စိတ်ဝင်တစားလေ့လာကြမည်ဟု ယုံကြည်မိသည်။

ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းများမှ သင်တန်းသားများကလည်း ဤသို့ လက်တွေ့ချက်ပြုတ် ဧည့်ခံကျွေးမွေးကြမည်ဖြစ်သည်။

အခြားနိုင်ငံများတွင် မိမိတို့၏ ရိုးရာအစားအစာကို နိုင်ငံခြားသား ခရီးသွားဧည့်သည်များ သိရှိနားလည်ပြီး ကြိုက်နှစ်သက်မှုရှိလာစေရန် ဆွဲဆောင်နေသကဲ့သို့ မြန်မာ့ရိုးရာ အစားအစာများကိုလည်း ဤပြပွဲကြီးတွင် နိုင်ငံခြားသားများ စိတ်ဝင်စားနှစ်သက်လာစေရန် မိတ်ဆက်ပြသရောင်းချပေးနေခြင်းဖြစ်သည်။

အလားတူ ဟိုတယ်ဇုန်များကလည်း မိမိတို့ဒေသရှိ အထင်ကရနေရာများ၊ အထိမ်းအမှတ်ပစ္စည်းများကို ပြသထားပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများကလည်း မြန်မာ့ရိုးရာ အစားအစာများကို ခင်းကျင်းပြသ ဧည့်ခံကျွေးမွေးလျက်ရှိသည်။

ခြုံ၍ဆိုရလျှင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အမှတ်တရပစ္စည်း အရောင်းဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစသည့် လုပ်ငန်းအသီးသီးတို့က မိမိတို့၏ ခရီးစဉ်ဒေသအလှအပများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို လှပသေသပ်သော ဗီနိုင်းဓာတ်ပုံ၊ ပန်းချီ၊ ဗီဒီယိုများ၊ နမူနာ ပုံစံငယ်များဖြင့် ခင်းကျင်းပြသထားပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ စားသောက်ဆိုင် ၂၄ ဆိုင်တို့ကလည်း သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ပြသရောင်းချပေးလျက်ရှိသည်။

များစွာအထောက်အကူပြု

နိုင်ငံတကာမှ လာရောက်ကြမည့် ခရီးသွားဧည့်သည်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ခရီးစဉ်ဒေသများ၏ ဒေသန္တရ ဗဟုသုတအဖုံဖုံကို တစ်နေရာတည်း၊ တစ်ထိုင်တည်းဖြင့် ပြည့်ပြည့်စုံစုံ သိရှိလေ့လာနိုင်မည်ဖြစ်ပြီး မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကိုလည်း နှစ်ခြိုက်ခုံမင်စွာ စိတ်တိုင်းကျ စားသုံးနိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်ရာ ဤပြပွဲကြီးက မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာရေးအတွက် များစွာအထောက်အကူပြုမည်မှာ ဧကန်မုချသေချာလှသည်။

ပြပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုးပမ်းစီစဉ်ဆောင်ရွက်နေသကဲ့သို့ ခရီးသွားလုပ်ငန်း အစဉ်တိုးတက် ဖွံ့ဖြိုးရေးအတွက်လည်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့အနေဖြင့် လက်အောက်ရှိ အသင်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အမှန်တကယ်မူ ခရီးသွားလုပ်ငန်းသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများကိုသာ အကျိုးဖြစ်ထွန်းစေသည် မဟုတ်ဘဲ သက်ဆိုင်ရာဒေသများရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အငှားယာဉ်မောင်းများ၊ ဆိုက်ကားနင်းသူနှင့် မြင်းလှည်းမောင်းသူများကိုပါ ဝင်ငွေတိုးပွားစေသည့် လုပ်ငန်းကြီးပင် ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက် အောင်မြင်ရေးအတွက် ပြည်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်

အထူးအစည်းအဝေး(၁/၂၀၁၁)စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူလွှတ်တော်ကိုယ်စားလှယ် ၅၁ ဦး ရှိသည့်အနက် ၄၆ ဦး တက်ရောက်ရာ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ အဆိုတင်သွင်းခြင်း၊ အဆိုကိုထောက်ခံခြင်း၊ ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)စတုတ္ထနေ့ကို နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော်

အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးအနက် အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် ဒုတိယနေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

မှတ်တမ်းတင်

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပြင်ဆင်ဖွဲ့စည်းအတည်ပြုခဲ့သော ကယားပြည်နယ်ဝန်ကြီးဌာနများတွင် တာဝန်ပေးခန့်အပ်သည့် ပြည်နယ်ဝန်ကြီးများ အမည်စာရင်းအမိန့်စာအား ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်သည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ (အောက်ပုံ) **ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ကြေညာ

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးအနက် ၁၃၄ ဦး တက်ရောက်သည့်အတွက် ၉၃ ဒသမ ၇ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြင်ဆင်ဖွဲ့စည်းသည့် ရှမ်းပြည်နယ်ဝန်ကြီးဌာနများအလိုက် ခန့်အပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

ခန့်အပ်မည့် ဝန်ကြီးဌာနများအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်သိန်းမောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆာလူ၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအိုက်ပေါင်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသောင်းရွှေ၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနော်ခမ်း(ခ) ဦးတင်ထွန်းအောင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းရင်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတူးမောင်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမျိုးထွန်းတို့ ဖြစ်ကြသည်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့က အသီးသီး ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ယင်းအဆိုကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်

အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၇ ဦးရှိသည့်အနက် ၄၇ ဦးစလုံး တက်ရောက်၍ ရာနှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်အရ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးဌာနအလိုက် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် အမည်စာရင်း အဆိုပြုချက်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ဖတ်ကြားကြေညာရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးကသဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်း

ပြင်ဆင်ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများနှင့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး ထိန်လင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစိုးအေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်သိန်း၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်သန်းတင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမြအောင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်ခင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးသာလူချေ၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးလှဟန်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာအောင်ကျော်မင်းတို့ ဖြစ်ကြသည်။

ယင်းနောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ကို နံနက် ၁၀ နာရီ ၇ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ (ယာပုံ) **တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

စတင်ကျင်းပ

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၁၀၀ ဦးအနက် ၁၀၀ ဦး စလုံးတက်ရောက်ကြသည့် အတွက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ အဆိုတင်သွင်းခြင်း၊ အဆိုကို ထောက်ခံခြင်း၊ တိုင်းဒေသကြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် အဆိုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) စတုတ္ထနေ့ကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ(ဝဲပုံ) **မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ရာနှုန်းပြည့်တက်

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦး ရှိသည့်အနက် ၆၈ ဦးစလုံး တက်ရောက်ရာ ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုသည့် မကွေးတိုင်းဒေသကြီး ဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်း

ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး အန့်ဇော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကြည်မင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးသိန်းထွန်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမြင့်နိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဝင်းဖေ၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဝင်းမြင့်မောင်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးနေရှင်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်ကျော်မင်း တို့ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြေညာ

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ တင်ပြထားသော တိုင်းဒေသကြီး ဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်သည့်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်သတ်မှတ်

ပြင်ဆင် သတ်မှတ်ထားသည့် ဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်မောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တံတားဦးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမြင့်သန်း၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းစိုးမြင့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မြင်းခြံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မြင်းခြံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဆန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာမြင့်ကြူ၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန်အဖြစ် အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖုန်းဇော်ဟန်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာဝင်းလှိုင်တို့ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၈ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ... ၁၀ နာရီတွင် ပုသိမ်မြို့ရှိ ရေဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ... ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ... ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၇၁ ဦး ရှိသည့်အနက် အားလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အတည်ပြု

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြင်ဆင်ဖွဲ့စည်းသည့် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးဌာနများအလိုက် ဝန်ကြီးများစာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်း

ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ...

နေပြည်တော် ...

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ... ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ... တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင် ... လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အထမြောက်

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၂၈ ဦးစလုံး တက်ရောက်၍ ရာနှုန်းပြည့်တက်ရောက်သဖြင့် အထူးအစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုထားသည့် ပြင်ဆင် ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများတွင် လက်ရှိဝန်ကြီးများအား

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အထမြောက်

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၈ ဦးစလုံး တက်ရောက်၍ ရာနှုန်းပြည့်တက်ရောက်သဖြင့် အထူးအစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုထားသည့် ပြင်ဆင် ဖွဲ့စည်းထားသည့် ဝန်ကြီး ဌာနများတွင် လက်ရှိဝန်ကြီးများအား တာဝန်သတ်မှတ်ပေးအပ်မည့် အစီအမံအား လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

တာဝန်ပေး

ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီး ဌာနများအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန ဝန်ကြီးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်လွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ထားဝယ်မြို့ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြတ်ကို၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး အဖြစ် လောင်းလုံမြို့ မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါက်တာဝင်းအောင်၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကျွန်းစုမြို့ မဲဆန္ဒနယ် အမှတ် (၁)မှ ဦးသိန်းလွင်၊ စီမံကိန်း နှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး အဖြစ် ထားဝယ်မြို့ မဲဆန္ဒနယ် အမှတ် (၁)မှ ဦးသန်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မြိတ်မြို့ မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါက်တာကျော်ဆန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကော့သောင်းမြို့ မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာဝင်းအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဌာန ဝန်ကြီးအဖြစ် ဘုတ်ပြင်းမြို့ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ကျော်ကျော်ဦးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပုလောမြို့ မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဝင်းဆွေတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၈ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၁

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **အေးချမ်းသာယာ ပြည်မြန်မာ** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသား ရိုးရာအလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် စည်းကမ်းများမှာ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရ။

ပြိုင်ပွဲဝင် ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရ။ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

မိမိတို့၏ ပြိုင်ပွဲဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရပါမည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အထူးဆု ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Cannon SLR ကင်မရာ EOS-1000D with 18-55 mm II lens)၊ ဒုတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ IXUS-115)၊ တတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ Power Shot A-495)၊ အထူးဆုရရှိသူများအား ငွေသားကျပ် ၅၀၀၀၀ တန် Cannon Show-room တွင် ဈေးဝယ်ခွင့်ကူပွန်များကို ပေးအပ်ချီးမြှင့်ပေးသွားမည် ဖြစ်သည်။



ပြိုင်ပွဲဝင် ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးပါဝင်သော ခုံရုံးသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၃ အရ တင်သွင်းလာသည့် တင်သွင်းလွှာ အမှတ်(၁/၂၀၁၁)ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ခုံရုံး ရုံးခန်းအမှတ်(၁)၌ ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်း လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ် ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော်အပါး ၃၇၀ နှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် ၄၂၈ ပါးကျော် (စုစုပေါင်းသံဃာ ၇၉၈ ပါးခန့်)တို့အတွက် မဇ္ဈိမဒေသ (၃၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဇူလိုင် ၁၄ ရက် နောက်ဆုံးထား၍ အောက်ပါ တယ်လီဖုန်းအမှတ်နှင့် လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

- မဇ္ဈိမဒေသသာသနာပြုအဖွဲ့ အမှတ်(၁၃-က) ငါးထပ်ကြီးဘုရားလမ်း (ရုပ်ရှင်အစည်းအရုံးအနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့။
  ဖုန်း-၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊
- ဗုဒ္ဓ ဓမ္မ ဒါန စေတနာရှင်များအဖွဲ့ (ရွှေမြင်တင် ဦးညို) အမှတ်(၁၂) မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်မြို့။
  ဖုန်း-၀၁-၅၄၂၂၃၆၊
- ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ YUZANA BUSINESS TOWER အခန်း (၃၀၃) ၃-လွှာ ဓာတ်လှေကားအမှတ် (၂) ဓမ္မစေတီလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။
  ဖုန်း-၀၁-၅၃၆၃၄၈၊ ၀၉-၇၃၁၅၀၀၇၀၊ ၀၉-၅၀၀၁၇၆၃၊ ၀၉-၈၀၂၁၅၄၉၊ ၀၉-၄၉၃၁၀၄၀၂

(သတင်းစဉ်)

···ကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ···းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁

…တီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် …ဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် …ကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် …ရောက်ကြသည်။

…များအလိုက် ဝန်ကြီးများစာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်း

ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန ဝန်ကြီးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် မြောင်းမြမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းကိုကို၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်စိုး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဟင်္သာတမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုးမြင့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဇလွန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှခိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မအူပင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထွန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမြသိန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် လေးမျက်နှာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်ဝင်းနိုင်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစန်းမောင်တို့ဖြစ်ကြသည်။

ယင်းနောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သစ္စာသိပြီးမှ ကုသိုလ်ပြုပါ** တရားတော်(ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၂)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၀)
၈:၅၀	HAN Golf Masters Junior Golf Series 2011 (ပထမပွဲစဉ်)
၉:၁၀	နည်းပညာမျှဝေလို့ သစ်မွေးထုတ်လုပ်စို့
၉:၂၀	အရွယ်မရွေးလှပစေဖို့···
၉:၃၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Open Courseware Myanmar စာနယ်ဇင်း ရှင်းလင်းပွဲ)
၁၀:၁၀	သွားမယ်စားမယ် (The Prome)
၁၀:၅၅	အမျိုးသမီးများနှင့်ဆိုင်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း ၁) ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ
၁၁:၂၅	MNL Preview
၁၁:၅၅	ပန်းချီပြခန်း (ဖွန်ရေဆေး ပန်းချီပြပွဲ)
၁၂:၁၀	မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ (နွေရာသီဖက်ရှင်)
၁:၀၀	သစ္စာသိပြီးမှ ကုသိုလ်ပြုပါ တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	အစွမ်းထက်မြက်··· မြန်မာ့ဆေးစွမ်းတစ်လက်
၂:၅၅	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မေရီချက်မင်း)
၃:၂၅	ရန်ကုန်မြင်ကွင်းကျယ် (POND'S Products Launch)
၃:၄၀	စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၀)
၄:၅၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ) (အပိုင်း -၁)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Kanebo)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၃)
၇:၁၅	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု) (အပိုင်း -၁)
၇:၄၀	ဟိုတယ်လမ်းညွှန် (Pacific Hotel)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show
၉:၀၀	VJ Choice
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၁၁၁)
၁၀:၂၀	**ပရိမီယာလိဂ်ရင်ခုန်သံ**
၁၀:၄၅	သီတတ်စေသော် (အောင်ဆန်းဦး၊ စောအောင်အောင်၊ အိချောဖို၊ သင်းသင်းထက်၊ ဖြိုးသဉ္ဇာကျော်) ဒါရိုက်တာ-ညီညီအောင်၊ ဉာဏ်လင်းအောင်၊ သိမ့်သဉ္ဇာလင်း
၁၁:၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်နေဆန်းနှင့် တွေ့ဆုံခြင်း)
၁၂:၁၀	ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းဘေးကြား
၁၂:၂၅	Celebrity Profile (Lee Byaung Hun)
၁:၀၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကန္တာ)
၁:၂၀	Shooting Location (ဇီဇဝါခြံ)
၁:၄၀	ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၁:၅၀	နယည်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၂:၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာကောင်းမြတ်နှင့် တွေ့ဆုံခြင်း)
၂:၃၅	တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	အယသမ်ဂိတို့ဖြစ်တည်ရာ···
၄:၁၀	အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
၄:၁၅	အများထဲကတစ်ယောက်
၄:၃၅	သုဝဏ္ဏဘူမိမြို့ဟောင်းမှကြည်ညို ဖူးမြော် ကျိုက်တလန်းစေတီတော်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ တယ်လီဖုန်းလျှောက်ထားနိုင်

နေပြည်တော် ဇူလိုင် ၁

နေပြည်တော်တွင် တယ်လီဖုန်းလိုင်း ၁၅၀၀၀ ခန့် တပ်ဆင်ထားရာ တယ်လီဖုန်းထပ်မံတပ်ဆင်ပေးနိုင်မည့် လက်ကျန်လိုင်း ၉၃၀၀ အားလည်းကောင်း၊ ရန်ကုန်မြို့တွင် တယ်လီဖုန်းလိုင်း ၂၀၁၅၀၀ ခန့် တပ်ဆင်ထားရာ တယ်လီဖုန်း ထပ်မံတပ်ဆင်ပေးနိုင်မည့် လက်ကျန်လိုင်း ၁၆၃၀၀ အားလည်းကောင်း၊ မန္တလေးမြို့တွင် တယ်လီဖုန်းလိုင်း ၄၀၀၀၀ ခန့်တပ်ဆင်ထားရာ တယ်လီဖုန်း ထပ်မံတပ်ဆင်ပေးနိုင်မည့် လက်ကျန်လိုင်း ၂၅၄၀ အား လည်းကောင်း ထပ်မံတပ်ဆင်ပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူများက တယ်လီဖုန်းများ လျှောက်ထားလာပါက လျှောက်လွှာတွင် ပါရှိသော တပ်ဆင်လိုသည့် နေရပ်လိပ်စာကိုစိစစ်ပြီး ဖုန်းလိုင်းနှင့်နံပါတ်ရှိသော (Feasible) နေရာဖြစ်ပါက ချက်ချင်းလုပ်ငန်းစတင် ဆောင်ရွက်ခြင်း၊ ငွေလက်ခံခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အိတ်ချိန်းနှင့်နီးသော လိပ်စာဖြစ်ပါက ငွေလက်ခံပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ အိတ်ချိန်းနှင့်ဝေးသောလိပ်စာဖြစ်ပါက ငွေလက်ခံပြီး နောက်သုံးရက်မှ ငါးရက်အတွင်းတွင်လည်းကောင်း တယ်လီဖုန်းများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ခေတ်တွင်မှ ညီကြတော့မှာလား

မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

ဇူလိုင်လ (၃) ရက်နေ့သည် မြန်မာ အမျိုးသမီးများနေ့ ဖြစ်သည်။ မြန်မာအမျိုးသမီးများနှင့် စပ်လျဉ်းသည့် စာအုပ်နှစ်အုပ်ကို ဖတ်ရှုခဲ့သည်။ ဆရာမကြီး ဒေါ်စောမုံညင်း ရေးသားသည့် "မြန်မာအမျိုးသမီး" စာအုပ်နှင့် ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးရေးသားသည့် "မြန်မာအမျိုးသမီး အနုပညာရှင်များ" စာအုပ်ဖြစ်သည်။ ဒေါ်စောမုံညင်းက "တန်ခိုးကြီးစေ ဤကမ္ဘာ တစ်လွှားမှာဖြင့် အမျိုးသမီးတွေ ကြည်သဒ္ဓါမန္ဒမ်းရအောင် မဒီကညာအခန်းကိုတော့ ဖော်ပြမနေးတာရှည်၊ အို-ရှင်-- စီကာကမ်းလိုက်ပါရဲ့ ပြည်သာဖို့လမ်းပါပဲ၊ သည်စာတမ်းကိုဖြင့်-- သြော်--- ကျွန်မရေးပါသည်" ဟု ဖွင့်ဆိုသည်။

မှန်ပါသည်။ ဆရာမကြီးသည် "မြန်မာအမျိုးသမီး" စာအုပ်ကို ရေးခဲ့ပါသည်။ ရဝေထွန်းကလည်း "ပြည်အကျိုးကိုလ၊ သယ်ပိုးကာဆောင် အစွမ်းမှာဖြင့် မောင်ထမ်းလျှင်မယ်က ရွက်မယ်လို့၊ သွယ်ဆက်စေတနာကြောင့်၊ ဝေဆာဆာ နေရာတိုင်းမှာပဲ၊ မေကညာ ဝေကာဝိုင်းသည်သို့ တိုင်းပြည်အတွက် ဆောင်ရွက်ပုံ" ဟူ၍---။

ဆရာကြီးမောင်ထင်ကလည်း "မြန်မာအမျိုးသမီး အကြောင်းဆိုရာ၌လည်း နိုင်ငံရေးလောက၊ ဥပဒေလောက၊ တပ်မတော်လောက၊ လူမှုရေးလောက၊ ပညာရေးလောက၊ စာပေလောက၊ ဂီတလောက၊ ဇာတ်သဘင်လောက၊ ရုပ်ရှင်လောက၊ အငြိမ့်လောက၊ အဆိုကျော်လောကနှင့်တကွ သာသနာ့ဝန်ဆောင်လောကပါ အားလုံးသော လောကမှ အမျိုးသမီးတို့၏ အကြောင်းစုံပါဝင်သည်ဖြစ်ရာ စောမုံညင်း၏ စာအုပ်မှာ အတ္ထုပ္ပတ္တိစာပေကို ဝါသနာထုံသော နှောင်းလူစာရေးဆရာတို့၏ မူတည်ကိုးကားစရာ ကျမ်းတစ်စောင် ဖြစ်လာပေလိမ့်မည်။" ဟူ၍ အသီးသီး အမှာစာများ ရေးခဲ့သည်။

မြန်မာအမျိုးသမီးများသည် မြန်မာနိုင်ငံလွတ်လပ်ရေး လှုပ်ရှားမှုတွင် ထုထည်ကြီးမားစွာဖြင့် ထောင့်စုံမှ ပါဝင်ခဲ့ကြသည်။ မြန်မာအမျိုးသမီးများသည် အမျိုးသားများထက် နိုးကြားတက်ကြွမှုတွင် နောက်မကျခဲ့။ မြန်မာအမျိုးသမီးဆိုရာတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသည့် တိုင်းရင်းသူအားလုံးပါဝင်သည်။ မြန်မာအမျိုးသမီးများ၏ ယုံကြည်မှု၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းမှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက် ခဲ့သမျှသည် သက်ဆိုင်ရာသမိုင်း၏ ကဏ္ဍအလိုက် မှတ်တမ်းပြုထိုက်သည့် အနေအထားတွင်ရှိကြောင်း တွေ့ရှိနိုင်သည်။

၁၈၅၂ ခုနှစ် မြန်မာ-အင်္ဂလိပ် ဒုတိယစစ်ပွဲတွင် ရှမ်းအမျိုးသမီး သုံးဦးဦးစီးသော မြန်မာစစ်တပ်သည် ပြည်မြို့ ဝက်ထီးကန်ဘက်တွင် နယ်ချဲ့အင်္ဂလိပ်တပ်များအား ရဲရင့်ပြောင်မြောက်စွာ အသက်စွန့်၍ တိုက်ခိုက်ခဲ့ကြသည်။

၁၉၁၉ ခုနှစ်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသမီးအဖွဲ့အစည်း ဖြစ်သော ကုမ္မာရီအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ကုမ္မာရီအသင်းများ၏လှုပ်ရှားမှုကို ချန်လှပ်ထား၍မရ။ မြန်မာအမျိုးသမီးများသည် အလွတ်လပ်ဆုံးနှင့် အခွင့်အရေးအရဆုံးဟု ကမ္ဘာကလက်ခံထားသည့်အတိုင်း အမျိုးဘာသာ၊ သာသနာ၊ ပညာပြန့်ပွားရေးအတွက် အမည်အမျိုးမျိုးနှင့် တွေ့ရသည်။ ဗြဟ္မစရိယ ကုမ္မာရီအသင်း၊ ကလျာဏယုဝကုမ္မာရီအသင်း၊ မိန်းမကုမ္မာရီအသင်း၊ သုဓမ္မစာရီအသင်း၊ ဓမ္မစာရီကုမ္မာရီအသင်း စသည်ဖြင့် တောရော မြို့ပါ မကျန် ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော တက္ကသိုလ်ကျောင်းသားသပိတ်ကြီးတွင် အမျိုးသမီးကျောင်းသူများ ပါဝင်ခဲ့ကြသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်ကြသူများပင်။ ထိုသပိတ်နှင့် တစ်ဆက်တည်း အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်၍ အုပ်ချုပ်လုပ်ကိုင်ခဲ့သည့် ပုဂ္ဂိုလ်များတွင်လည်း မြန်မာအမျိုးသမီးများ ပါဝင်ခဲ့သည်။

ထို့အပြင် နိုင်ငံခြားသားများကို ယူသည့်အတွက် မြန်မာအမျိုးသမီးများ လူ့အခွင့်အရေး ဆုံးရှုံးရသဖြင့် မြန်မာအမျိုးသမီးများအား အကာအကွယ်ပေးသည့် အက်ဥပဒေတစ်ရပ်ကို ပြုလုပ်ပေးရန် မြန်မာအမျိုးသမီးထုက အရေးဆိုခဲ့ဖူးသည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စတင်သည့် ဆရာစံအရေးတော်ပုံကြီးတွင်လည်း မြန်မာအမျိုးသမီးများ ပါဝင်ခဲ့သည်။ ဒို့ဗမာအစည်းအရုံးကြီး ဖွဲ့စည်းလာသောအခါတွင်လည်း မြန်မာအမျိုးသမီးများသည် သခင်မများအဖြစ် ပါဝင်ခဲ့ကြကာ အမျိုးသားရေးလှုပ်ရှားမှုတွင် အင်အားကြီးမားစွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ၁၃၀၀ပြည့်နှစ် (၁၉၃၉ခုနှစ်) အရေးတော်ပုံကြီးတွင်လည်း မြန်မာအမျိုးသမီး သခင်မများ၏ သတ္တိပြောင်မြောက်ပုံများကို တွေ့ရသည်။

၁၉၄၂ ခုနှစ် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်သည့် တိုက်ပွဲများ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုများတွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းကာ အတူလက်တွဲ တိုက်ပွဲဝင်ခဲ့ကြသည်။

ဖက်ဆစ်ဂျပန်ခေတ်တွင် ဖက်ဆစ်ဆန့်ကျင်ရေးကို နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဖက်ဆစ်ဆန့်ကျင်ရေးခေတ်၌ပင် အမျိုးသမီးတပ်ဖွဲ့ ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည်။ ဤသို့ဖြင့် မြန်မာအမျိုးသမီးများသည် တစ်မျိုးသားလုံး လွတ်လပ်ရေး နိုင်ငံအကျိုးပြု အစဉ်အလာကောင်းများဖြင့် သမိုင်းဝင်ရှိခဲ့သည်။

ခေတ်အဆက်ဆက် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့ကြသော အမျိုးသမီးများ၏ အစဉ်အလာကောင်းဖြင့် ယနေ့တည်ဆောက်နေသော အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကြရန်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးလည်း အမျိုးသမီးထုအတွက် အားထားရာ ရှေ့ဆောင်ရှေ့ရွက်ပြုရန် ပေါ်ပေါက်လျက်ရှိနေသည်။

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို လုံခြုံစောင့်ရှောက်ရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှု လျှော့နည်းပပျောက်ရေးအတွက် အမျိုးသားတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။"

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖော်ပြပါ ရည်ရွယ်ချက်သည် နိုင်ငံတော်နှင့် အမျိုးသမီးထုအတွက် အရေးပါသည့်လုပ်ငန်းများ ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ချမှတ်ထားသော ရည်ရွယ်ချက်နှင့်အညီ နယ်ပယ်အသီးသီးတွင် ပါဝင်လှုပ်ရှားလျက်ရှိနေသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သည့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ထွန်းပြောင်ခဲ့သည့် အစဉ်အလာကို ဂုဏ်ယူဝင့်ကြွားရင်း ယနေ့ခေတ်တစ်ခေတ်သို့ ကူးပြောင်းနေသောကာလတွင် အညှို့မခံကြဘဲ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ တက်ညီလက်ညီ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနှားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် **ဘော့စ်ဘော ကြယ်ပွင့်များ** (အပိုင်း-၁၇)
	၇။	ရုပ်မြင်သံကြားဇာတ်လမ်း **သစ္စာတရား၏ တစောင်းအနေအထား** လူမင်း၊ သင်ဇာဝင့်ကျော်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ ဇော်မျိုး (ခရေပုံပြင်)
၁၃း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၈၀)

ညပိုင်း

၃း၁၅	၁။	မြဝတီအဖွင့်
၃း၂၀	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၃း၂၃	၃။	နိုင်ငံတော်သီချင်း
၃း၂၅	၄။	အဖွင့်သီချင်း
၃း၃၀	၅။	2011 FIFA WOMEN'S WORLD CUP (GERMANY) Japan Vs Mexico (Delay)
၅း၃၀	၆။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၈။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၉။	လျှပ်တစ်ပြက်
၆း၂၀	၁၀။	**စားဖိုဆောင်ချစ်သူ**
၆း၄၀	၁၁။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၃၇)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	အမျိုးသားရေးတေးကဗျာ
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	လူရွှင်တော်စကား
	၁၈။	အင်္ဂလိပ်စာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း ၁၆)
	၂၁။	2011 FIFA WOMEN'S WORLD CUP (GERMANY) United States Vs Colombia

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင်၁ရက် နံနက် ၉နာရီက ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ၌ ကျင်းပရာ ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက ဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၉ ကျောင်းမှ အမျိုးသား ပိုက်ကျော်ခြင်း လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၉ ရက် အထိ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(အဆင့်မြင့်ပညာ)**

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၂ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး ခေတ္တမှုသည်းထန်မည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင်လပထမဆုံးသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျားနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်တွေမြို့ စက်ရုံလမ်းပေါ်ရှိ ရေထွက်ပေါက် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးနှင့်အဖွဲ့ ဇွန် ၁၉ ရက်က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၂၅ ရက်က ကန်ကြီးထောင့်မြို့နယ် အထကကျောင်းရှေ့ မြို့လယ်လမ်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှုဆောင်အရာရှိနှင့် မီးသတ်ဦးစီးမှူးတို့ ကြီးကြပ်လျက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၁ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသော ဂျပန်နိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး **H.E.Mr.Takashi SAITO** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှော်ဘီမြို့နယ် (၄)ရပ်ကွက် ကွက်သစ်ကျောင်းလမ်း သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကံထူးရှင် ရွေးချယ်

ရန်ကုန် ဇူလိုင် ၁

အကြိမ်(၂၇၀)မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း (၁၀၀၀) ဆု

ပ-၄၃၉၇၄၆

ကျပ်သိန်း (၅၀၀) ဆု

ဠ-၆၀၈၆၂၄

ကျပ်သိန်း (၃၀၀) ဆုများ

ဖ-၃၄၄၅၈၂ ဌ-၈၄၁၉၃၉

ကျပ်သိန်း (၂၀၀) ဆုများ

ဃ-၄၆၆၉၃၉ တ-၉၁၃၉၀၈

ခ-၇၅၇၅၀၂ ခ-၁၀၄၆၇၅

ဖ-၆၅၇၃၆၁

ကျပ်သိန်း (၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်) ဆုမဲများ

န-၈၆၆၆၉၈

က-၈၃၉၈၁၃ ဖ-၇၃၅၈၀၇

ဃ-၃၇၂၉၃၉ က-၉၅၄၅၁၃

ဈ-၂၇၉၈၄၁ ဌ-၆၃၇၆၈၂

စ-၄၁၁၇၉၇ ဒ-၁၃၇၁၂၇

င-၂၁၁၅၅၃ ထ-၃၂၉၆၃၇

ບ-၁၈၅၅၉၅ ဂ-၃၅၅၅၀၈

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂ အမှတ် ၂၈ကို ဇူလိုင် ၁ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် ရုပ်သံလိုင်း အားလုံး၏ ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

မှာယူနိုင်

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း- ၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း- ၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆တို့သို့ မှာယူနိုင်သည်။ **(သတင်းစဉ်)**

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၄၀)ရပ်ကွက်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးသစ်ဖွင့်ပွဲကို ဇွန် ၁၆ ရက် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်၊ ဦးအောင်ကြည် (ဥက္ကဋ္ဌ၊ ၁၄၀ ရပ်ကွက် မီးလင်းရေးကော်မတီ)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ရပ်ကွက်ရုံးတွင် အသုံးပြုရန်အတွက် 21" TV နှင့် EVD တစ်စုံကို အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ဖွင့်လှစ်

အဆိုပါ ရုံးကို အမှတ် (၁၄၀)ရပ်ကွက် သမာဓိလမ်း၌ ဖွင့်လှစ်ထားပြီး သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဇန်းမော်မြို့၌ကျင်းပ

ဇန်းမော် ဇူလိုင် ၁

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက ဇန်းမော်မြို့ ကွန်ပျူတာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ ဇန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွှန့်က သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ခရေပင်ကိုစိုက်ပျိုးပေးပြီး ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ ကုက္ကို၊ သဘော်တယ်၊ စိန်ပန်းနှင့် မဲဇလီ ပျိုးပင် စုစုပေါင်း ၂၀၀၀ ကျော်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

ဆုချီးမြှင့်

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သော ပုသိမ်မြို့နယ် ဘုရားကြီးကုန်းကျေးရွာမှ မောင်ပြည့်ဖြိုးလင်းနိုင်အား ဇွန် ၁၁ ရက်က လက်ထောက်မြို့နယ်ပညာရေးမှူး ဦးငွေစိုး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၇၇)

ပညာသင်စရိတ် ထောက်ပံ့ပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ ဇူလိုင် ၁

အားကစားဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဝန်ထမ်းမိသားစုများ ပညာသင်စရိတ်ပေးအပ်ခြင်းနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင်အား ဂုဏ်ပြုထောက်ပံ့ခြင်း အခမ်းအနားကို တောင်ငူမြို့ရှိ ခရိုင်အား/ကာရုံး၌ ဇွန် ၁၆ ရက်က ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင်တာဝန်ရှိသူများက ဝန်ထမ်းသားသမီး ပညာသင်စရိတ်များကို ဝန်ထမ်းမိသားစုများထံပေးအပ်ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မသိမ့်လဲ့ရည်အား ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးက ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

စပါးစိုက်ပျိုးနည်း သရုပ်ပြပွဲ လပွတ္တာမြို့နယ်၌ ကျင်းပ

လပွတ္တာ ဇူလိုင် ၁

လပွတ္တာမြို့နယ် လပွတ္တာ-မြောင်းမြကားလမ်းဘေးတစ်မိုင် ဖြိုးခနေ လယ်ယာကုန်ထုတ်အသင်း လယ်သမားကြီး ဦးတလုတ် လယ်ကွက်တွင် ဇွန် ၂၅ ရက် နံနက် ၈ နာရီက မိုးစပါး ၁၀ တန်း တစ်တန်းလှပ် စိုက်ပျိုးနည်းသရုပ်ပြပွဲကို ကျင်းပသည်။ **(အောက်ပုံ)**

လက်တွေ့သရုပ်ပြ

အဆိုပါအခမ်းအနားတွင် သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်(၁၄)ချက်နှင့်အညီ ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ၂၀ ရက်သား ပျိုးပင်များကို ယခုနုတ် ယခုသယ်၍ ၁၀ တန်း တစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးနည်းစနစ်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်ကျော်လှိုင်က ရှင်းလင်းပြီး ဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတနော်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ဇွန် ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်း လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများတူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မေရီတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၄၃)

ရေစီးရေလာကောင်းမွန်ရေး ကျောက်တံခါး၌ ဆောင်ရွက်

ကျောက်တံခါး ဇူလိုင် ၁

ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်း ရေမြောင်းကို ဇွန် ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းတူးဖော်ဆယ်တင်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၁၀)ရပ်ကွက် တက္ကသိုလ်ရိပ်မွန်ဥယျာဉ်မြို့တော်အတွင်းရှိ ရေမြောင်းများပိတ်ဆို့နေပြီး ရေများ မစီးဆင်းသဖြင့် ရေပုပ်နံ့များ ထွက်နေသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်ရသူ**

မြေပဲလှော်လုပ်ငန်း ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် သိပ္ပံကျောင်းလမ်းရှိ အိမ်တစ်အိမ်သည် မြေပဲလှော်လုပ်ငန်းကို လုပ်ဆောင်နေပြီး ၎င်းလုပ်ငန်းမှ ညှော်နံ့နှင့် မြေပဲပုပ်ရည်အနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းလုပ်ငန်းကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့နှင့်အပုပ်နံ့မခံနိုင်သူ**

မုန့်ဟင်းခါးနှင့် ဂျုံခေါက်ဆွဲပို ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်

၆-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ပဲခူးမြို့ ဥသျှောင်မြို့သစ် မုန့်ဟင်းခါးနှင့် ဂျုံခေါက်ဆွဲပို ကြပ်မတ်ပေးစေလို** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

SKY NET မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်

၂၀၁၁ ကိုပါ အမေရိကားလား ဘောလုံးပြိုင်ပွဲ အစီအစဉ်

ကမ္ဘာ့ ဟဲဗီးဝိတ်ချန်ပီယံ စိန်ခေါ်လက်ဝှေ့ပွဲကြီး အစီအစဉ်

ချစ်ခင်လေးစားရပါသော မိတ်ပြည်သူများ ခင်ဗျား -

ကြော်ငြာအသည့်သွင်းလိုပါက --- Shwe FM (Main Office)-No.131-133, Botahtaung Pagoda Road, Botahtaung Township, Yangon, Myanmar.
Phone: - 01-1290320 , 09-73015253, 09-73015256 နှင့် Fax 01-298207 , 01-1290320

သားလေးဘုန်းပြည့်မှတ်ကျော် အတွက် ရက်(၁၀၀)ပြည့် မွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့၏သားဦးရတနာလေး မောင်ဘုန်းပြည့်မှတ်ကျော်၏ ၂-၇-၂၀၁၁ရက်တွင်ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ထူးချွန်ထက်မြက်ပြီး ကျန်းမာပျော်ရွှင်စွာဖြင့် ချမ်းမြေ့သာယာသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ-

ဖေဖေ-ဦးစောမှတ်ကျော်
မေမေ-ဒေါ်စန်းလဲ့မွန်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၃၄)၊ ဧရိယာ ဝ.ဒသမဝ၆၆ဧကရှိ နှစ်၆၀ဂရန်မြေ၊ အမှတ်(၃၄)၊ အောင်မြေသာစည်(၁)လမ်း၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်သူ ဦးမင်းနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ၂၉-၆-၂၀၁၁ရက်တွင် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း၊ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို (စဉ်-၆၃၂၀)(တရားလွှတ်တော်ရှေ့နေ)
အမှတ်(၆၆)၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စိုးလင်းဦးနှင့် အာခွန်း အကြိတ်အနယ် ထိုးသတ်ကြမည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ ➢ ဇင်လင်းထွန်း(ခနဖြူ)

ရန်ကုန် ဇူလိုင် ၁

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေး ထုတ်လုပ်ရေး၏ အဓိက ကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးဌေးဝင်းနှင့် ဦးစိုင်းဇော်ဇော်တို့ တာဝန်ယူစီစဉ်သည့် မြန်မာနှင့်ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇူလိုင် ၂ ရက် **(ယနေ့)**နှင့် ၃ ရက်များတွင် မွန်းလွဲ ၂ နာရီမှ စတင်၍ သိမ်ဖြူလမ်းနှင့် ကန်တော်ကြီးလမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသွားမည် ဖြစ်သည်။

စိုးလင်းဦးနှင့် အာခွန်း

သိမ်ဖြူရုံ၌ ပထမနေ့ အဓိက စိန်ခေါ်ပွဲကြီးအဖြစ် စိုးလင်းဦး(မြန်မာ)နှင့် အာခွန်း(ထိုင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ပြီး ဒုတိယနေ့ အဓိက စိန်ခေါ်ပွဲကြီးအဖြစ် ဖိုးကေ(မြန်မာ)နှင့် လာချီလိတ် (ထိုင်း)တို့ ထိုးသတ်ကြမည်ဖြစ်သည်။

ပထမနေ့ လေးချီစိန်ခေါ်ပွဲများအဖြစ် မင်းမင်းထွန်း(မျိုးဇာနည်)နှင့် ရွှေဓားပို(ဘိလပ်မြေ)၊ ရဲကျော်သူ(နဂါးမာန်)နှင့် ရဲတံခွန် (အလင်းရောင်)၊ သိန်းညီညီ (အလင်းရောင်) နှင့် ကြယ်လေး (Ever Green)၊ ငါးချီ စိန်ခေါ်ပွဲများအဖြစ် တူးတူး(နဂါးမာန်)နှင့် သားကျောင်းသား(တောင်ကလေး)၊ အောင်စစ်မင်း(မျိုးဆက်သစ်)နှင့် စောလှကြည်ထူး(တောင်ကလေး)၊ ဒေါင်းသည်းချေ(ဝါဆို)နှင့် စနေထွန်း(အလင်းရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ မြန်မာ- ထိုင်း စိန်ခေါ်ပွဲအဖြစ် ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း(မြန်မာ)နှင့် ကုမ်စရမ်း (ထိုင်း)၊ ရွှေခါးပတ်ချန်ပီယံ ထပ်ဆင့် ဒင်္ဂုံရွှေအောင်လံဆုရှင် စိုးလင်းဦး(မြန်မာ)နှင့် အာခွန်း (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ စိုးမိုးဟိန်းနှင့် ယှဉ်ပြိုင်မည့် ကုမ်စရမ်းသည် ရိုးရာလက်ဝှေ့ အတွေ့အကြုံရှိထားသူဖြစ်သည်။

ဒုတိယနေ့ လေးချီပွဲများအဖြစ် ဖိုးလပြည့် (Ever Green) နှင့် မိုးမခ(ဝါဆို)၊ သပြေအောင်(ဘိလပ်မြေ)နှင့် ရွှေရဲလေး (အဖြူရောင်သွေးသစ်)၊ လေးညို့ရှင်(နဂါးမာန်)နှင့် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)၊ ဝင်းမောက် (မျိုးဇာနည်)နှင့် နာဂစ်မောင်မောင်(ဘိလပ်မြေ)၊ ငါးချီ စိန်ခေါ်ပွဲများအဖြစ် ကျားပေါက်(ဘိလပ်မြေ)နှင့် စလုကာ(ဝါဆို)၊ ရွှေသိန်းအောင်(တောင်ကလေး)နှင့် ထွန်းထွန်းမင်း(မုဒုံသား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ-ထိုင်း စိန်ခေါ်ပွဲအဖြစ် ရွှေထွန်းယုံ(မြန်မာ)နှင့် စီထောင်း(ထိုင်း)၊ ဝါးရင်းတုတ်ဖိုးကေ(မြန်မာ)နှင့် လာချီလိတ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ရွှေထွန်းယုံသည် မြိုင်ကြီးငူပွဲတွင် မွေထိုင်းလက်ဝှေ့သမားကို အလဲထိုးခဲ့ပြီး မဲဆောက်ဘက်သို့ပါ သွားရောက်ယှဉ်ပြိုင် နိုင်ပွဲရယူခဲ့သူဖြစ်သည်။ ဖိုးကေသည် မွေထိုင်းပွဲ အတွေ့အကြုံနည်းသော်လည်း ယခု ယှဉ်ပြိုင်ရမည့် လာချီလိတ်ထက် အလုံးအထည်သာလွန်သည်။ လာချီလိတ်သည် မြန်မာပရိသတ်အကြိုက်တွေ့အောင် ထိုးသတ်နိုင်ခဲ့ဖူးသူဖြစ်သည်။ နှစ်ရက်တာ ပွဲစဉ်အားလုံးကို Sky Net SP-3 Line မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်)

အနူးအညွတ်တောင်းပန်ခြင်း

၃၀-၆-၂၀၁၁ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၁ပါ SKY NET မှ တိုက်ရိုက်(Live)ထုတ်လွှင့်မည့် အစီအစဉ် ကြော်ငြာတွင် ဖုန်းနံပါတ် ၀၁-၂၉၁၅၉၈ အား မှားယွင်းဖော်ပြမိခဲ့ပါ၍ ဖုန်းပိုင်ရှင်အား SKY NET မိသားစုမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။

SKY NET မိသားစု

ကျေးဇူးဆပ်ပါမည်

မောင်အေးမျိုးမင်း၇/ပခန(နိုင်)၂၆၃၃၁၀ ကိုင်ဆောင်သူ၏ ၂၈-၆-၂၀၀၅ရက်တွင်ပြုလုပ်သော နိုင်ငံကူးလက်မှတ် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၅၀၄၄၈/CO

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ကျော်ဆန်းထွန်း ပတ်စ်ပို့ ၅၉၂၉၆၅စာအုပ် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ (ကျေးဇူးဆပ်ပါမည်။)

ဖုန်း-၅၆၅၅၄၉

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြားပစ်အားကစားသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၊ ပဲခူးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော မြားပစ်အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ပဲခူးမြို့ ပဲခူးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်း**(အပေါ်ပုံ)**နှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဦး (ဒုတိယရုံးအဖွဲ့မှူး)တို့က သင်တန်းဖွင့်အမှာစကား ပြောကြားကြသည်။

ဖွင့်လှစ်သင်ကြား

သင်တန်းတွင် တက်ရောက်ရန် စာရင်းပေးသွင်းထားသူ သင်တန်းသား သင်တန်းသူ ၁၅၀ ခန့်မှ အရည်အချင်းနှင့် ကိုက်ညီသည့် ၅၂ ဦးအားရွေးချယ်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ နည်းပြဆရာများက ဇူလိုင် ၁ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီ အထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၅ နာရီအထိလည်းကောင်း နှစ်ချိန်ခွဲ၍ သင်တန်းဖွင့်လှစ်သင်ကြား ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(အား/ကာ ဦးစီး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၅/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၃၅/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၅/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးဇော်လွင်	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးမြတ်ကို	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဒေါက်တာဝင်းအောင်	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးသိန်းလွင်	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င)	ဦးသန်းအောင်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဒေါက်တာကျော်ဆန်း	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဒေါက်တာဝင်းအောင်	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးအောင်ကျော်ကျော်ဦး	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဦးဝင်းဆွေ	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၆/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၃၆/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၆/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးအောင်ကျော်မိုး	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးအောင်မောင်း	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဦးမြင့်သန်း	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးသန်းစိုးမြင့်	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င)	ဦးအောင်ဇံ	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးကျော်ဆန်း	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဒေါက်တာမြင့်ကြူ	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးဖုန်းဇော်ဟန်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာဝင်းလှိုင်	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်